NSW GOVERNMENT

# What do I need to know if my child is suspended?

Parent/carer information

# ကျွန်ုပ်၏ ကလေးသည် ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ခံထားရလျှင် ကျွန်ုပ်သိရှိထားရမည့် အချက်များ

## မိဘ/အုပ်ထိန်းသူများ၏ အချက်အလက်များ

### ကျောင်းတက်ခွင့် ဆိုင်းငံ့ထားခြင်း

ကျောင်းတက်ခွင့် ဆိုင်းငံ့ထားခြင်းဆိုသည်မှာ ကျောင်းသားတစ်ဦးအား အချိန်ကာလ တစ်ခုအထိ ကျောင်းမတက်ရန် ကျောင်းက ပြောဆိုထားသည့် အချိန်ဖြစ်သည်။ မူကြိုနှင့် Year 2 ကျောင်းသားများကို ၅ ရက်အထိ ကျောင်းတက်ခွင့် ဆိုင်းငံ့ထားနိုင်ပြီး Year 3 မှ Year 12 အထိ ကျောင်းသားများအား ၁၀ ရက်အထိ ကျောင်းတက်ခွင့် ဆိုင်းငံ့ထားနိုင်သည်။

ကျောင်းသားတစ်ဦး၏ စိုးရိမ်ဖွယ်ရာ အပြုအမူသည် အခြားသူများကိုဖြစ်စေ၊ ပညာသင်ကြား၊ သင်ယူမှုကို ဖြစ်စေ လက်သင့်မခံနိုင်သော ထိခိုက်အန္တရာယ် ဖြစ်ပေါ်သည့် အခါ ကျောင်းအုပ်ကြီးက ထိုကျောင်းသားကို ကျောင်းတက်ခွင့် ဆိုင်းငံ့ထားနိုင်သည်။

ကျောင်းသား၏ စိုးရိမ်ဖွယ်ရာ အပြုအမူ/အပြုအမူများကို အခြားနည်းဖြင့် ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းခဲ့ပြီး ကျောင်းသည် ယင်းအပြုအမူနှင့်ပတ်သက်၍ အထောက်အကူပေးရေး စီစဉ်ရန်နှင့် ထိုကျောင်းသားကို ကျောင်းတွင်မထားဘဲ အခြားသူများကို ဘေးကင်းလုံခြုံစွာ ထားနိုင်ရေး စီစဉ်ရန် အချိန်လိုအပ်သည့်အခါ ကျောင်းအုပ်ကြီးက ကျောင်းတက်ခွင့်ကို ဆိုင်းငံ့ထားနိုင်သည်။

### ကျွန်ုပ်၏ကလေး ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ခံထားရလျှင် ဖြစ်ပေါ်လာနိုင်သည့် အချက်များ

ကျောင်းအုပ်ကြီးက ကျောင်းသားအား သင့်တော်သည့် အချိန်တွင် နှုတ်ဖြင့် ပြောရမည် ဖြစ်သည်။ ဖြစ်နိုင်လျှင် သို့မဟုတ် ၂၄ နာရီအတွင်း မိဘ/အုပ်ထိန်းသူများကို အသိပေး အကြောင်းကြားရမည်။ ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းကို တုံ့ပြန်ဖြေရှင်းရန် သင်နှင့် သင့်ကလေးတွင် ကျောင်းနှင့်တွေ့ဆုံနိုင်သည့် အခွင့်အရေး ရှိရမည် ဖြစ်သည်။ သင့်ကလေးကို ကူညီနိုင်မည့် နည်းလမ်းများနှင့် ပံ့ပိုးကူညီမှုများတွင် ကျောင်းက သင့်နှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။

သင့်ကလေးအား ကျောင်းတက်ခွင့် ဆိုင်းငံ့ရသည့် အကြောင်းအရင်း၊ အသေးစိတ်အချက်အလက်များနှင့် ဆိုင်းငံ့သည့် ကာလများ အပါအဝင် ကျောင်းတက်ခွင့်ဆိုင်းငံ့သည့် အသိပေး အကြောင်းကြားစာကို ကျောင်းအုပ်ကြီးက သင့်အား ပေးမည် ဖြစ်သည်။

ဆိုင်းငံ့ကာလအတွင်း သင့်ကလေးအား ကျောင်းသို့ လာခွင့်မပြုပါ။ ဆိုင်းငံ့ကာလအတွင်း သင့်ကလေး ဆက်လက် ပညာသင်ယူနိုင်ရန် ကျောင်းက အထောက်အကူ ပေးသွားမည် ဖြစ်ပြီး သင့်နှင့် သင့်ကလေးအား အတန်းတက်စာရင်းတွင် ထည့်သွင်း သွားမည် ဖြစ်သည်။ ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားစဉ် သင့်ကလေး ကောင်းမွန်စွာ နေထိုင်နိုင်ရေး အကူအညီပေးခြင်းဆိုင်ရာ အချက်အလက်များကို ရရှိ နိုင် သည်။

### ကျောင်းတက်ခွင့် ဆိုင်းငံ့ကာလ တိုးမြှင့်ခြင်း

ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းသည် အထောက်အကူပေးရေး စီစဉ်ရန် အချိန်မရလျှင် ဖြစ်စေ၊ ဖြေရှင်းနိုင်ခြင်း မရှိသေးသည့် ဘေးကင်းလုံခြုံရေးအန္တရာယ် ဆက်ရှိနေလျှင် ဖြစ်စေ ကျောင်းအုပ်ကြီးအနေဖြင့် ဆိုင်းငံ့ကာလကို တိုးမြှင့်နိုင်သည်။ ဆိုင်းငံ့ကာလ တိုးမြှင့်ပါက ထိုကာလ မကုန်ဆုံးမီ မိဘ/အုပ်ထိန်းသူများထံ အသိပေး အကြောင်းကြား သွားမည် ဖြစ်သည်။

### ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းကို အယူခံဝင် နိုင်ပါသလား။

ကျောင်းအုပ်ကြီးသည် တရားမျှတမှု မရှိသော ဆုံးဖြတ်ချက်ကို ချမှတ်ကြောင်း သို့မဟုတ် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို မှန်မှန်ကန်ကန် လိုက်နာ ဆောင်ရွက်မှု မရှိကြောင်း သင်ယူဆပါက အယူခံ ဝင်နိုင်သည်။ အယူခံ အရင်းအမြစ် ဝင်ရောက်ကြည့်ရှုပါ။

သင့်ကလေးအတွက် ထောက်ခံအားပေးခြင်းဆိုင်ရာ အချက်အလက်များအပြင် ကျောင်းများနှင့် ဆက်သွယ်ရန်နည်းလမ်းများကို အကျဉ်းချုပ်ဖော်ပြထားသည့် ကျွန်ုပ်တို့၏ ကျောင်းအဖွဲ့အစည်းဆိုင်ရာ ပဋိညာဉ်စာချုပ် ကိုလည်း ရရှိနိုင်ပါသည်။

### သင့်ကလေး ကျောင်းပြန်တက်ရန် စီစဉ်မှု အစည်းအဝေး

သင့်ကလေးသည် ဆိုင်းငံ့ကာလ ကုန်ဆုံးသည့် နေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ ကျောင်းပြန်တက်ရမည် ဖြစ်သည်။ သင်က ကျောင်းနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်ခြင်းသည် သင့်ကလေး၏ အပြုအမူကို ထိန်းကျောင်းပြီး ပူးပေါင်းအဖြေရှာရာတွင် လွန်စွာ အရေးပါသည်။ သင့်ကလေး ကျောင်းပြန်မတက်မီ သင့်ကလေးနှင့် အနီးကပ် လုပ်ကိုင်ရသည့် ကျောင်းဝန်ထမ်းများနှင့် ကျောင်းပြန်တက်ရန် စီစဉ်မှု အစည်းအဝေးကို ပြုလုပ်ရန် ကျောင်းက သင့်အား ဖုန်းဖြင့် အကြောင်းကြားမည် ဖြစ်သည်။

အစည်းအဝေးကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း သို့မဟုတ် အွန်လိုင်းမှ ဖြစ်စေ ဆွေးနွေးညှိနှိုင်းမှုများအား အကောင်းဆုံး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် နည်းဖြင့် ကျင်းပ သွားမည်။ သင့်ကလေး ကျောင်းပြန်တက်သည့်အခါ ကူညီရန် ပူးပေါင်းဆောင်ရွက်မည့် နည်းလမ်းများကို အစည်းအဝေးတွင် ဆွေးနွေးသွားမည် ဖြစ်သည်။ အစည်းအဝေးသို့ ပံ့ပိုးကူညီသူ အား သင်နှင့်အတူ ခေါ်ဆောင်လာနိုင်သည်။ ပံ့ပိုးကူညီသူသည် သင်၊ သို့မဟုတ် သင့်ကလေးကို စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် လက်တွေ့ကျသော ပံ့ပိုးမှုပေးနိုင်သူ ဖြစ်သည်။

အစီအစဉ်နှင့် ထောက်ပံ့ကူညီမှု ပိုမိုလိုအပ်သည့် စိုးရိမ်ဖွယ်ရာ အပြုအမူအတွက် ကျောင်းအနေဖြင့် ၎င်းတို့ကို ကူညီမည့် အစီအစဉ် ချမှတ်ရန်နှင့် ဘေးအန္တရာယ်ကို လျှော့ချရန် သင်နှင့် သင့်ကလေးတို့နှင့် လက်တွဲဆောင်ရွက်သွားမည် ဖြစ်သည်။ အစီအစဉ် ရှိပြီးသား ဖြစ်လျှင် သင့်ကလေးကို ဖေးမကူညီရန် ပြန်လည်ပြင်ဆင်သွားမည် ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို သင့်နှင့် သင့်ကလေးကို ကူညီနေသည့် ကျောင်းဝန်ထမ်းများထံ မျှဝေပေးပါမည်။

### အလားတူ အပြုအမူ ထပ်မံပြုလုပ်လျှင် ဆောင်ရွက်ရမည့် အချက်များ

စိုးရိမ်ဖွယ်ရာ အပြုအမူကို ထပ်မံ ပြုလုပ်ပါက ကျောင်းနှင့် ကျောင်းပညာသင်ကြားရေး အထောက်အကူပြု အဖွဲ့တို့သည် သင့်ကလေးအား ကျောင်းတက်ခွင့် နောက်ထပ် ဆိုင်းငံ့ခြင်း အပါအဝင် သင့်ကလေး၏ ပညာသင်ယူမှုကို အထောက်အကူပြုမည့် နည်းလမ်းများကို ရှာဖွေသွားမည် ဖြစ်သည်။ ကူညီထောက်ပံ့ရန်အတွက် ဌာနတွင်းရှိ ကျွမ်းကျင်ပညာရှင်တောင်းခံမှု ပါဝင်နိုင်သည်။

### ကျောင်းထံမှ သင်ရရှိနိုင်သည့် အချက်အလက်များ

သင့်အနေဖြင့် ဖြစ်စဉ်နှင့် ဖြစ်ပျက်ရသည့် အကြောင်းအရင်းနှင့်ဆိုင်သော နောက်ထပ် အချက်အလက်များကို ကျောင်းထံမှ တောင်းခံနိုင်သည်။ ကျောင်းက ဆုံးဖြတ်ချက် မှန်သမျှအတွက် အကြောင်းပြချက်များ၊ ဖြစ်ပျက်လာမည့် အရေးယူမှုများနှင့် သင့်တွင် ပြဿနာရှိနေပါက လုပ်ဆောင်ရမည့် အချက်များကို သင့်အား ရှင်းပြမည် ဖြစ်သည်။

### တယ်လီဖုန်း စကားပြန် ဂန်ဆောင်မှု။

သင်သည်ကျောင်းကိုဆက်သွယ်ရန်ဆန္ဒရှိပြီး အင်္ဂလိပ်လို ပြောဆိုရန် အကူအညီလိုအပ်ပါကတယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 ကိုခေါ်ဆိုပါ၊ သင်ပြောဆိုရန်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်တစ်ဦးကို ခေါ်ပေးမည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အဖိုးအခ ကောက်ခံမည်မဟုတ်ပါ။